HOR KHAM

GREAT HOR KHAM CORPORATE IDENTITY

Information and Communication Technology Department

May 2022

ဂရိတ်ဟော်ခမ်း၏ ကိုယ်ပိုင် သင်္ကေတ အမှတ်တံဆိပ်

မဂ်လာပါ

ဤစာမျက်နှာတွင် ဂရိတ်ဟော်ခမ်း၏ လိုဂိုအပါအဝင် ကုမ္ပဏီ၏ အခြားကိုယ်ပိုင်အမှတ်အသားများကို အသုံးပြုမှုများတွင် လမ်းညွှန်ချက်များကို ဖော်ပြထားပါသည်။ ဌာနဆိုင်ရာများသို့ဖြစ်စေ၊ အခြားသော ကုမ္ပဏီများနှင့် လုပ်ငန်းများသို့ဖြစ်စေ၊ ကုမ္ပဏီတွင်း အချင်းချင်းဖြစ်စေ ဆက်သွယ်မှု၊ ဆက်ဆံမှုနှင့် ပြန်ကြားမှုများအတွက် ကုမ္ပဏီ၏ ကိုယ်ပိုင်အမှတ်တံဆိပ်များကို အသုံးပြုရာတွင် လွယ်ကူရှင်းလင်းသော လမ်းညွှန်ချက်များဖြစ်သည်။ ကုမ္ပဏီ၏ ဝန်ထမ်းများနှင့် ဂရိတ်ဟော်ခမ်း၏ ကိုယ်ပိုင်အမှတ်တံဆိပ်များကို အသုံးပြုသူများ အားလုံးသည် ဤအမှတ်တံဆိပ် အသုံးပြုမှု ဒီဇိုင်းလမ်းညွှန်အတိုင်း တိကျစွာ လိုက်နာရမည်ဖြစ်သည်။ သို့မှသာ လိုအပ်သော ဒီဇိုင်းပိုင်းဆိုင်ရာ လိုက်လျောညီထွေမှုကို ရရှိမည်ဖြစ်သည်။

ဂရိတ်ဟော်ခမ်း၏ ကိုယ်ပိုင် သင်္ကေတ အမှတ်တံဆိပ်

လုပ်ငန်းဖော်ပြချက်

အစိုးရအဖွဲ့အစည်းများ၊ ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့်အတူ ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်ခြင်း၊ တစ်ဆင့်ကန်ထရိုက်လုပ်ငန်းများ လုပ်ကိုင်ခြင်း၊ အကျိုးတူ ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းများ ဖြင့် အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း။

အမှတ်တံဆိပ် သက်ရောက်မှု

- လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှု၊
- တိုးတက်ပြောင်းလဲမှု၊
- လိုက်လျောညီထွေမှု၊
- စိတ်ထားမြင့်မြတ်မှု။

အောင်မြင်သော လုပ်ငန်းယဉ်ကျေးမှု

အချင်းချင်းယုံကြည်မှု၊ လက်တွဲပူးပေါင်းမှု၊ နည်းဗျူဟာများ စနစ်တကျရေးဆွဲမှု၊ အချိန်ကို လက်ဦးရယူမှုတို့မှတစ်ဆင့် တန်ဖိုးရှိသော လုပ်ငန်းနှင့် စီမံကိန်းများကို အပြီးအစီး (turnkey) စနစ်ဖြင့်လည်းကောင်း၊ လုပ်ငန်းအပိုင်းလိုက်သော်လည်းကောင်း ဖောက်သည်၏ လက်ထဲသို့ အောင်မြင်စွာ အပ်နှံပေးနိုင်သော လုပ်ငန်းယဉ်ကျေးမှုမျိုးကို ကျင့်သုံးခြင်း။

ဂရိတ်ဟော်ခမ်း၏ ကိုယ်ပိုင် သင်္ကေတ အမှတ်တံဆိပ်

ကျွန်တော်တို့အပေါ် ဘယ်လိုမြင်ခေချင်သလဲ

ယုံကြည်စိတ်ချနိုင်ခြင်း၊ အားကိုးအားထားနိုင်ခြင်းနှင့် လုပ်ငန်းကျွမ်းကျင်ပိုင်နိုင်မှုရှိခြင်း

ဂရိတ်ဟော်ခမ်းသည် အသိပညာ၊ လုပ်ငန်းကျွမ်းကျင်မှု၊ စက်ယာဉ်ယန္တရားအင်အား၊ ဝန်ထမ်းအင်အားနှင့် ပြည့်ဝသော ဝန်ဆောင်မှုစိတ်ဓာတ်တို့ဖြင့် နိုင်ငံတကာ စံနှုန်းနှင့် ကျင့်ဝတ်များအတိုင်း မိုဃ်မိုးကာ ဖောက်သည်များအား စိတ်ကျေနပ်မှု အပြည့်အဝ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပါသည်။

တက်ကြွသော လူငယ်များနှင့် အတွေ့အကြုံပြည့်ဝသော ဝါရင့်သက်ကြီးပညာရှင်များ

ဂရိတ်ဟော်ခမ်းတွင် ဖောက်သည်များ၏ လိုအပ်ချက်များကို အဖက်ဖက်မှ ဖြည့်ဆည်းပေးနိုင်ရန်အတွက် လှုပ်ရှားတက်ကြွသော ခေတ်လူငယ် ပညာတတ်များနှင့် အတွေ့အကြုံ ဝါရင့်သော သက်ကြီးပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဖောက်သည်များ၏ အခက်အခဲများကို အကောင်းဆုံး အဖြေရှာပေးနိုင်မည်ဟု အပြည့်အဝ ယုံကြည်သည်။

အဖွဲ့အစည်းစိတ်ဓာတ်

ဂရိတ်ဟော်ခမ်းတွင် သက်ဆိုင်ရာ ဌာနအသီးသီးရှိသော်လည်း လုပ်ငန်းများကို အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာဖြင့် တစ်စုတစ်စည်းတည်း လက်တွဲ လုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းယဉ်ကျေးမှုမျိုးရှိခြင်းကြောင့် ဖောက်သည်များအား အောင်မြင်မှုကို ပိုမိုပေးစွမ်းနိုင်သည်။

Customer သည်သာ ဦးဆောင်သူဖြစ်သည်

ဒီဇိုင်းရေးဆွဲခြင်း၊ ကုန်ကျစရိတ် တွက်ချက်ခြင်း၊ အသုံးပြု ပစ္စည်းများ ရွေးချယ်ခြင်း စသည်များအတွက် ဖောက်သည်၏ လိုအပ်ချက် မူဘောင်အတွင်းတွင် အကောင်းဆုံးနှင့် အန္တရာယ်ကင်းရှင်းရေးအတွက် စိတ်အချရဆုံးဖြစ်အောင် ဆောင်ရွက်ပေးပါသည်။ ယင်းအတွက် ရရှိလာသည့် ရလဒ်သည် ဖောက်သည်၏ မျှော်မှန်းချက်ထက်ပင် ပိုလွန်စေနိုင်မည်ဖြစ်သည်။

ဂရိတ်ဟော်ခမ်း၏ ကိုယ်ပိုင် သင်္ကေတ အမှတ်တံဆိပ်

ရည်မှန်းချက်

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် နိုင်ငံတကာအဆင့်မီ ကောင်းမွန်သော လုပ်ငန်းအရည်အသွေး၊ ထိုက်တန် သော အကျိုးအမြတ်နှင့် မျှတပြီး ပွင့်လင်းမြင်သာသော မူဝါဒ စည်းမျဉ်းများဖြင့် အစုရှယ်ယာရှင်များနှင့် လုပ်ငန်းအပ်နှံသူများအား စိတ်ကျေနပ်မှု ရရှိစေရန်။

မျှော်မှန်းချက်

- ဆောက်လုပ်ရေးလုပ်ငန်းများကို အရည်အသွေးကောင်းမွန်မှုဖြင့် ဦးဆောင်နိုင်ရန်၊
- အာဆီယံတစ်ခွင်၏ အခြေခံအဆောက်အအုံများကို နိုင်ငံတကာအဆင့်မီ တာဝန်ယူဆောင်ရွက်နိုင်ရန်၊
- နည်းပညာစွမ်းရည်ဖြင့် လူမှုဝန်းကျင်နှင့် ဘဝအရည်အသွေး တိုးတက်မှုကို အထောက်အကူပြုနိုင်ရန်၊
- ကုန်သွယ်ရေးလုပ်ငန်းဖြင့် စီးပွားရေးကဏ္ဍ အရှိန်အဟုန် မြှင့်တင်နိုင်ရန်။

ဂရိတ်ဟော်ခမ်း၏ ကိုယ်ပိုင် သင်္ကေတ အမှတ်တံဆိပ်

မဟာဗျူဟာများ

- လူ့အသိုင်းအဝိုင်းနှင့် မိမိတိုင်းပြည်အပေါ် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းလုပ်ငန်းများကို သင့်တင့်မျှတသော အကျိုးအမြတ်များဖြင့် ရွေးချယ်လုပ်ကိုင်ဆောင်ရွက်ခြင်း။
- ထိရောက်မှုရှိသော စီမံခန့်ခွဲမှုစနစ်၊ ကောင်းမွန်သော လုပ်ငန်းအရည်သွေးနှင့် သတ်မှတ်အချိန်အတွင်း ပြီးမြောက်အောင် ဆောင်ရွက်ခြင်းခြင်းစသည့် မူများဖြင့် တည်ဆောက်ရေး စီမံကိန်းများအား စီမံခန့်ခွဲခြင်း။
- ဆုံးရှုံးနိုင်ခြေ (risk) နည်းပါးပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေသော ဆောက်လုပ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ရှယ်ယာရှင်များအတွက် ရေရှည်အကျိုးအမြတ်များကို ဖြစ်ထွန်းစေခြင်း။
- အာဆီယံနိုင်ငံများကို အဓိကထားပြီး ဒေသဈေးကွက်များ တိုးချဲ့ခြင်း။
- ကုမ္ပဏီ၏ ယှဉ်ပြိုင်နိုင်စွမ်းများ ပိုမိုတိုးတက်လာစေရန် လူ့စွမ်းအားအရင်းအမြစ်နှင့် အုပ်ချုပ်မှုပုံစံ စသည့် ကုမ္ပဏီတစ်ခုလုံး၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း။
- ကုမ္ပဏီ၏ နှိုင်းယှဉ်နိုင်စွမ်း ပိုမိုမြင့်မားလာစေရန် ဖွံ့ဖြိုး တိုးတက်လာသော နည်းပညာများနှင့် အသိပညာများကို အချိန်မီ လက်တွေ့အသုံးချနိုင်ရန် စီမံဆောင်ရွက်ခြင်း။

ဒီဇိုင်းပိုင်းဆိုင်ရာ အချက်အလက်များ

HOR KHAM

ကာလာကုဒ်

PANTONE 1788 C
CMYK C: 0 M: 95 Y: 89 K: 0
RGB R: 238, G: 46, B: 47

PANTONE 394 C
CMYK C: 8 M: 0 Y: 87 K: 0
RGB R: 244, B: 237, B: 60

PANTONE 7455 C
CMYK C: 90 M: 65 Y: 0 K: 0
RGB R:29, G:97, B: 174

လိုဂို အမှတ်တံဆိပ်

စည်းလုံးသော၊ ကျွမ်းကျင်ပိုင်နိုင်သော၊ ဒေသခံ ပိသုကာဒီဇိုင်းကို တန်ဖိုးထားသော၊ နွေးထွေးသော၊ ခိုင်မာသော၊ ယုံကြည်အားထားနိုင်သော ပုံရိပ်ကို ထင်ဟပ်စေပါသည်။

အရောင်

ဂရိတ်ဟော်ခမ်း လိုဂိုတွင် အရောင်အားဖြင့် အနီ၊ အဝါ၊ အဖြူနှင့် အောက်ခံစာလုံး အပြာရောင်တို့ဖြင့် ပေါင်းစပ်ထားသည်။

- **အနီရောင်**သည် တက်ကြွနိုးကြားမှု၊ ရဲစွမ်းသတ္တိရှိမှု၊ လှုပ်ရှားမှု၊ စိတ်ဆန္ဒနှင့် ခွန်အားပြည့်ဖြိုးမှု၊ ကံကောင်းမှု၊ လာဘ်လာဘ ဖော်ဆောင်နိုင်မှုများကို ဖော်ညွှန်းပါသည်။
- **အဝါရောင်**သည် ဖော်ရွေမှု၊ အကောင်းမြင်မှု၊ ပျော်ရွှင်မှု၊ နွေးထွေးမှု၊ ပညာဉာဏ် ကျွမ်းကျင်မှု၊ ဂုဏ်အသရေရှိမှုတို့ကို ဖော်ညွှန်းပါသည်။
- **အဖြူရောင်**သည် ရိုးသားမှု၊ ပွင့်လင်းမြင်သာမှု၊ သန့်ရှင်းစင်ကြယ်မှုနှင့် ငြိမ်းချမ်းမှုတို့ကို ဖော်ညွှန်းပါသည်။
- **အပြာရောင်**သည် ယုံကြည်စိတ်ချနိုင်မှု၊ အားကိုးအားထားနိုင်မှု၊ တာဝယူမှု၊ တာဝန်ခံမှု၊ ခိုင်မာမှုနှင့် လုံခြုံမှုများကို ဖော်ညွှန်းပါသည်။

ပုံသဏ္ဌာန်

- အဝန်းအဝင်းပုံသဏ္ဌာန်သည် အမှောင်ရိပ်ကို ဖြိုခွင်းပြီး နွေးထွေးဓာတ်ကို ပေးစွမ်းနိုင်သော တက်သစ်စ နေဝန်းကို ရည်ညွှန်းပါသည်။
- အမိုးပုံသဏ္ဌာန်သည် ရှမ်းပိသုကာ ဒီဇိုင်းပုံစံ သို့မဟုတ် ရွှေနန်းတော်၏ အမိုးပုံသဏ္ဌာန်ကို ရည်ညွှန်းပါသည်။
- လိုဂို အောက်ပိုင်းရှိ လေးထောင့်ပုံသဏ္ဌာန်သည် ခိုင်မာသော အခြေခံအုပ်မြစ်ကို ရည်ညွှန်းပါသည်။
- HOR KHAM သည် ရှမ်းဘာသာစကား အသံထွက်ဖြင့် ရေးထားသော ဝေါဟာရဖြစ်ပြီး **ရွှေနန်းတော်** ဟု အဓိပ္ပါယ်ရပါသည်။

ဒီဇိုင်းပိုင်းဆိုင်ရာ အချက်အလက်များ

ချန်လှပ်ထားရမည့် ကွက်လပ်

ဂရိတ်ဟော်ခမ်း လိုဂို၏ ဘေးပတ်ပတ်လည်တွင် မည်သည့် စာလုံး၊ အရောင် သို့မဟုတ် အခြားပုံရိပ် တစ်ခုခုကိုမျှ မရှိစေရဘဲ ကွက်လပ်အဖြစ် ချန်လှပ်ထားပေးရမည်။ ဘေးပတ်ပတ်လည်တွင် ချန်လှပ်ထားရမည့် ကွက်လပ်၏ ပမာဏမှာ အောက်ပါအတိုင်း ဖြစ်သည် -

အလျားလိုက် လိုဂိုအကျယ်အဝန်း၏ x1 (စုစုပေါင်း အကျယ်အဝန်း x 10)

ထောင်လိုက် လိုဂိုအကျယ်အဝန်း၏ x1 (စုစုပေါင်း အကျယ်အဝန်း x 10)

ဒီဇိုင်းပိုင်းဆိုင်ရာ အချက်အလက်များ

လိုဂို၏ အသေးဆုံး ပမာဏ

ဂရိတ်ဟော်ခမ်း လိုဂို၏ အရွယ်အစားသည် 1.5 cm. ထက် မသေးငယ်သင့်ပါ။

10 cm.

7 cm.

3 cm.

1.5 cm.

ဒီဇိုင်းပိုင်းဆိုင်ရာ အချက်အလက်များ

လိုဂိုအသုံးပြုမှုတွင် လိုက်နာရမည့်အချက်များ

မူလလိုဂိုအရောင်

အရောင်တစ်မျိုးတည်း/ အပြာရောင်

အရောင်တစ်မျိုးတည်း/ အပြာရောင် ပြောင်းပြန်

အရောင်တစ်မျိုးတည်း/ ရွှေရောင်

အရောင်တစ်မျိုးတည်း/ ရွှေရောင် ပြောင်းပြန်

ဒီဇိုင်းပိုင်းဆိုင်ရာ အချက်အလက်များ

အရောင်တစ်မျိုးတည်း/ အနက်ရောင်

အရောင်တစ်မျိုးတည်း/ အနက်ရောင် ပြောင်းပြန်

1. မူလသတ်မှတ်ထားသော အရောင်မှတစ်ပါး အခြားအရောင်များဖြင့် ပြုပြင်ပြောင်းလဲခြင်း မပြုရ။

2. အရွယ်အစားကို အချိုးမညီမညာစွာဖြင့် မထားရ။

ဒီဇိုင်းပိုင်းဆိုင်ရာ အချက်အလက်များ



3. လိုဂိုကို မထင်မရှားဖြစ်စေနိုင်သော နောက်ခံပေါ်သို့ မထားရ။

လိုဂိုကို ထင်ရှားစွာ မြင်စေနိုင်ရန် အဖြူရောင်ခံ၍ဖြစ်စေ၊ သို့မဟုတ် အောက်ခံကို မှိန်၍ဖြစ်စေ ထားနိုင်ပါသည်။

အသုံးပြု ဖောင့်စာလုံးပုံစံများ

အသုံးပြုသော ဖောင့်စာလုံး /Typography

အထွေထွေ ရုံးသုံးအတွက်လည်းကောင်း၊ စာချုပ်စာတမ်းများတွင်လည်းကောင်း၊ ရုံးတွင်းအမိန့်ထုတ်ပြန်ခြင်းများတွင်လည်းကောင်း အောက်ပါ ဖောင့်စာလုံးကို အသုံးပြုပါသည်။

- GHK TaungGyi.ttf (For Myanmar, Shan or English)
- Arial (for English)

အထက်ပါ ဖောင့် နှစ်မျိုးကို Underline, Bold, Italic စတိုင်များအပါအဝင် လိုအပ်သည့်အလျောက် စတိုင်များအားလုံးကို အသုံးပြုနိုင်ပါသည်။

GHK TaungGyi Regular

သီဟိုဠ်မှ ဥဏှာကြီးရှင်သည် အာယုဝမုနဆေးညွှန်းစာကို ဇလွန်ဈေးဘေး ဗာဒံပင်ထက် အဓိဋ္ဌာန်လျက် ဂဃနဏဖတ်ခဲ့သည်။

THE QUICK BROWN FOX JUMPS OVER THE LAZY DOG.

the quick brown fox jumps over the lazy dog. 1234567890

Arial Black

THE QUICK BROWN FOX JUMPS OVER THE LAZY DOG.

the quick brown fox jumps over the lazy dog. 1234567890

Arial Bold

THE QUICK BROWN FOX JUMPS OVER THE LAZY DOG.

the quick brown fox jumps over the lazy dog. 1234567890

Arial Regular

THE QUICK BROWN FOX JUMPS OVER THE LAZY DOG.

the quick brown fox jumps over the lazy dog. 1234567890

အသုံးပြု ဖောင့်အလုံးပုံစံများ

အသုံးပြုသော ဖောင့်အလုံး /Typography

ကြော်ငြာစာများ၊ လက်ကမ်းစာစောင်များ၊ သတင်းထုတ်ပြန်ချက်များ၊ အစီရင်ခံစာများနှင့် မဂ္ဂဇင်းများတွင် အောက်ပါဖောင့်များကိုလည်း အသုံးပြုနိုင်ပါသည်။

- GHK KengTung
- GHK Tachileik
- GHK Muse

GHK KengTung

သီတိုင်ဋ္ဌမှ ဉာဏ်ကြီးရှင်သည် အာယုဝမုနဆေးညွှန်းစာကို ဇလွန်ချေးဘေး ဗာဒံပင်ထက် အဓိဋ္ဌာန်လျက် ဂယနဏဖတ်ခဲ့သည်။

THE QUICK BROWN FOX JUMPS OVER THE LAZY DOG.

the quick brown fox jumps over the lazy dog. 1234567890

GHK Tachileik

သီတိုင်ဋ္ဌမှ ဉာဏ်ကြီးရှင်သည် အာယုဝမုနဆေးညွှန်းစာကို ဇလွန်ချေးဘေး ဗာဒံပင်ထက် အဓိဋ္ဌာန်လျက် ဂယနဏဖတ်ခဲ့သည်။

THE QUICK BROWN FOX JUMPS OVER THE LAZY DOG.

the quick brown fox jumps over the lazy dog. 1234567890

GHK Muse

သီဟိုဋ္ဌမှ ဉာဏ်ကြီးရှင်သည် အာယုဝမုနဆေးညွှန်းစာကို ဇလွန်ချေးဘေး ဗာဒံပင်ထက် အဓိဋ္ဌာန်လျက် ဂယနဏဖတ်ခဲ့သည်။

THE QUICK BROWN FOX JUMPS OVER THE LAZY DOG.

the quick brown fox jumps over the lazy dog. 1234567890

ဆက်သွယ်ရေးပိုင်းဆိုင်ရာ ပုံစံများ

Letterhead

ဂရိတ်ဟော်ခမ်းသည် အစိုးရဌာနများ၊ ဖောက်သည်များနှင့် လုပ်ငန်းပါတနာများ အပါအဝင် ပြင်ပ အချိတ်အဆက်များသို့ ဆက်သွယ်ရာတွင် ဂရိတ်ဟော်ခမ်း၏ လုပ်ငန်း အမှတ်တံဆိပ် ထင်ရှားစွာ ပါဝင်သည့် letterhead ကို အသုံးပြုပါသည်။

ဆက်သွယ်ရေးပိုင်းဆိုင်ရာ ပုံစံများ

Email Signature

စည်းလုံးညီညွတ်မှု၊ လက်တွဲပူးပေါင်းဆောင်ရွက်မှုနှင့် အဖွဲ့အစည်းစိတ်ဓာတ်ကို ဖော်ညွှန်းစေနိုင်ရေးအတွက် ဂရိတ်ဟော်ခမ်း အီးမေးလ်ကို အသုံးပြုသော ဝန်ထမ်းအားလုံးသည် တူညီသော Email signature စံနှုန်းကို အသုံးပြုရပါမည်။

Email signature တွင် အသုံးပြုသော ဖောင့်မှာ

Arial Regular

Size: 10 pt.

Color: black only တို့ဖြစ်သည်။

Email Signature Sample

SAI HARN KHAM
Corporate HR Manager

GREAT HOR KHAM PUBLIC COMPANY LIMITED

Unit 21-22, Block 6,

Corner of Mingalar Aungmyin & Shwemoe Ngwemoe Street, Mingalar Muse, Muse, Shan State, Myanmar

Mobile : +95 (0)9x xxxx xxxx

Email : saiharnkham@greathorkham.com

Website : www.greathorkham.com